## ကုမ္ပဏီအကြောင်း

GGI သည် ၂၀၁၃ ခုနှစ်ကစပြီး မြန်မာ့အာမခံလုပ်ငန်းနယ်ပယ်မှာ ဂုဏ်သိက္ခာအရှိဆုံးဆိုတဲ့ နာမည်တစ်ခုကို တည်ဆောက်နိုင်ခဲ့တဲ့ အာမခံကုမ္ပဏီတစ်ခုပါ။ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်လာတာနဲ့အမျှ လူတစ်ဦးတစ်ယောက်ချင်းစီနဲ့ စီးပွားရေးလုပ်ငန်းတွေရဲ့ ငွေကြေး ကိစ္စရပ်တွေ အဆင်ပြေချောမွေ့နေစေဖို့အတွက် အကာအကွယ် ပေးမယ့် အာမခံလုပ်ငန်းတွေကို လိုအပ်လာတယ်လို့ GGI က ထင်မြင်သုံးသပ်မိပါတယ်။ ဒါကြောင့် GGI အနေနဲ့ လူကြီးမင်းတို့ တန်ဖိုးအထားရဆုံးအရာတွေကို အကာအကွယ်ပေးမယ့် အထူးအာမ ခံဝန်ဆောင်မှုတွေပေးစွမ်းဖို့ ကြိုးစားနေတဲ့အတွက် လူကြီးမင်းတို့ရဲ့ အိပ်မက်တွေကို အကောင်အထည်ဖော်ဖို့ ယုံကြည်ချက်ကိုလည်း ရရှိစေမှာပါ။

GGI သည် ၂၀၁၉ ခုနှစ်မှာ ဂျပန်နိုင်ငံရဲ့ အာမခံလုပ်ငန်းဦးဆောင် ကုမ္ပဏီတစ်ခုဖြစ်တဲ့ Tokio Marine နဲ့ လက်တွဲလိုက်ပြီ ဖြစ်ပါ တယ်။ ထိုကဲ့သို့ ဂုဏ်သိက္ခာရှိပြီး အရည်အသွေး ပြည့်ဝတဲ့ ကုမ္ပဏီနဲ့ အတူတကွ လက်တွဲလုပ်ဆောင်ရတဲ့အတွက် GGI အနေနဲ့များစွာ ဂုဏ်ယူရပါတယ်။ Tokio Marine ရဲ့ နိုင်ငံတကာအတွေ့အကြုံနဲ့ ကျွန်ုပ်တို့ရဲ့ ပြည်တွင်းလုပ်ငန်းနဲ့ မြန်မာပြည်သူလူထု အကြောင်း သိနားလည်မှုတို့ ပေါင်းစပ်ပြီး မြန်မာနိုင်ငံရဲ့ အာမခံဈေးကွက်မှာ ထူးခြားပြီး အရည်အသွေးမြင့်တဲ့ အာမခံဝန်ဆောင်မှု အမျိုးအစား အသစ်တွေကို ဆောင်ရွက်ပေးနိုင်ဖို့အတွက်လည်း များစွာစိတ်လှုပ် ရှားမိပါတယ်။

## ဆက်သွယ်ရန်


**ရုံးချုပ်လိပ်စာ**
အမှတ် (၁၉/၂၀)၊ A, B, C, D
Junction Square ဝင်းအတွင်း၊
ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။

ဖုန်း : ၀၁ ၂၃၉၉ ၇၇၇
အီးမေးလ် : info@ggitokiomarine.com
ဝက်ဘ်ဆိုက် : www.ggitokiomarine.com


GGI TOKIO MARINE
အထွေထွေအာမခံ




# ကိုယ်အင်္ဂါ ထိခိုက်မှု အာမခံ

လုံခြုံကြွယ်ဝ သင့်အနာဂတ်ဘဝ

## မတော်တဆ ထိခိုက်မှုအတွက် အပြည့်အဝ အကာအကွယ်

မတော်တဆထိခိုက်မှုဆိုတာ အချိန်၊ နေရာမရွေး ဖြစ်နိုင်ပြီး ဘဝနဲ့ ချီတဲ့ ပြောင်းလဲမှု အကျိုးဆက်တွေဖြစ်တဲ့ သေဆုံးခြင်း၊ ကိုယ်လက်အင်္ဂါချို့ယွင်းခြင်း သို့မဟုတ် ထာဝစဉ် ထိခိုက်နစ်နာမှုမျိုးတွေ ဖြစ်လာနိုင်ပါတယ်။ အဲဒီလို အကျိုးဆက်တွေအတွက် ကျွန်တော်တို့ရဲ့ ကိုယ်အင်္ဂါထိခိုက်မှု အာမခံက သင်နဲ့သင်ချစ်တဲ့သူတွေကို ကာကွယ်ပေးမှာပါ။ လုပ်ငန်းခွင် မတော်တဆထိခိုက်မှုကြောင့် သင့်မိသားစုရဲ့ ဘဏ္ဍာရေးအခြေအနေ ထိခိုက်နစ်နာမှု မရှိစေဖို့နဲ့ သင်တို့ရဲ့ ကုန်ကျမှုများကို ကာမိစေဖို့ GGI Tokio Marine ကနေ အလျင်အမြန် ငွေကြေးထုတ်ပေးခြင်းဖြင့် ဝန်ဆောင်မှုပေးမှာ ဖြစ်ပါတယ်။

### ဝန်ဆောင်မှုများ



ဒီပေါ်လစီက သင့်ကို မမြင်နိုင်တဲ့အဖြစ်အပျက်တွေဖြစ်တဲ့ သေဆုံးခြင်း၊ မတော်တဆထိခိုက်ခြင်းနှင့် အချိန်၊ နေရာမရွေး ထိခိုက်မိခြင်း ကိစ္စရပ်များအတွက် အကာအကွယ်ပေးမှာ ဖြစ်ပါတယ်။



## အဓိက အကျိုးခံစားခွင့်များ

ကိုယ်လက်အင်္ဂါ ထိခိုက်နစ်နာခြင်း၊ ထာဝစဉ် မသန်စွမ်းဖြစ်ခြင်း၊ သေဆုံးခြင်း သို့မဟုတ် ဆေးရုံတက် ကုသမှုခံယူရခြင်းများအတွက် ကာကွယ်ပေးခြင်း။

---

မမြင်နိုင်တဲ့အဖြစ်အပျက်တွေကြောင့် ဖြစ်လာမဲ့ သေဆုံးခြင်း၊ ကိုယ်လက်အင်္ဂါ ချို့ယွင်းခြင်းနှင့် မတော်တဆ ထိခိုက်မှုကြောင့် ဒဏ်ရာရခြင်းများအတွက် ကာကွယ်ပေးခြင်း။

---

အချိန်၊ နေရာမရွေး မတော်တဆ ထိခိုက်မှု၊ နစ်နာမှုများအတွက် ကာကွယ်ပေခြင်း။ GGI Tokio Marine ရဲ့ ပေါ်လစီဟာ တောင်းဆိုရလွယ်ကူပြီး မတော်တဆထိခိုက်နစ်နာမှုများအတွက် အပြည့်အဝ ငွေကြေးထုတ်ပေးဖို့ အာမခံ ကတိပြုပါတယ်။